ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ (MAIDO) ဆံပင်တုစက်ရုံ၏ အလုပ်ရုံခွဲဖြစ်သော ခနေဖြူမြို့ရှိ (MAIDO) ဆံပင်တုစက်ရုံတွင် အလုပ်သမားများသည် ဥပဒေအရ အခြေခံလုပ်ခလစာ တစ်ရက်လျှင် (၃၆၀၀) ကျပ်ကိုအလုပ်သမားတိုင်း မရရှိခြင်း၊ လုပ်ငန်းခွင်အတွင်း အလုပ်ရှင်သည် အလုပ်သမားများရပိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များကို ထိန်းချုပ်ထားခြင်းကြောင့် ဥပဒေအရ အလုပ်သမားများ၏ ခံစားပိုင်ခွင့် လူမှုဖူလုံရေး ကိစ္စများရရှိစေရန် အတွက် ၂၀၁၅ခုနှစ် အောက်တိုဘာလတွင် မြန်မာနိုင်ငံတောင်သူလယ်သမား၊ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ထုတ် အလုပ်သမားသမဂ္ဂများ အဖွဲ့ချုပ်သို့ အလုပ်သမားများက တင်ပြတောင်းဆိုထားသည်။

နိုင်ငံတော်သမ္မတသည် ၂၀၁၅ခုနှစ် ဩဂုတ်လတွင် မည်သည့် အလုပ်သမားမဆို၊ မည်သည့် လုပ်ငန်းခွင်မဆို အနည်းဆုံးအခကြေးငွေ တစ်ရက်လျှင် (၃၆၀၀)ကျပ်ပေးရမည်ဟု ထုတ်ပြန်ထားသည်။

အဆိုပါစက်ရုံတွင် အလုပ်သမာအင်အား (၁၅၉)ယောက်ခန့် လုပ်ကိုင်လျက်ရှိသည်။